ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# မြေဩဇာဥပဒေ ဆိုင်ရာ သိကောင်းစရာများ


မြေအသုံးချရေးဌာနခွဲ

# မြေသြဇာဥပဒေ




- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် မြေသြဇာဥပဒေကို ပြဋ္ဌာန်းခဲ့ ပါသည်။
- မြေသြဇာဥပဒေကို အခန်း(၁၂)၊ ပုဒ်မ (၄၈)ခု နှင့် ဖွဲ့စည်းထားပါသည်။

# မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ




- ၂၀၁၅ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး အခန်း(၁၂)၊ ပုဒ်မ (၄၈)ခု ပါဝင်ပါသည်။

# မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ



- မြေသြဇာဥပဒေ ပုဒ်မ-၄၈(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ (၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။
- အခန်း - ၁၀ ခန်း၊ အပိုဒ် - ၅၈ ခု၊ ပုံစံ - ၂၇ မျိုး ပါဝင်ပါသည်။

# မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ




- မြေသြဇာဥပဒေ ပုဒ်မ ၄၈(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။
- အခန်း - ၁၀ ခန်း၊ အပိုဒ် - ၅၈ ခု၊ ပုံစံ - ၂၇ မျိုး ပါဝင်ပါသည်။

# မြေသြဇာဥပဒေ၏ရည်ရွယ်ချက်

- နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊
- မြေသြဇာလုပ်ငန်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊
- အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊
- သင့်လျော်သောမြေသြဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊
- မြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊
- မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

# မြေသြဇာများ၏
# အဓိပ္ပါယ်သတ်မှတ်ချက်များ

## မြေသြဇာ

- မြေသြဇာဆိုသည်မှာ သစ်သီးဝလံ၊ ပန်းမန်၊ သီးနှံနှင့် အပင်များရှင်သန် ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာပြောင်းလဲမှုဖြစ်စေရန် (သို့မဟုတ်) အခြားနည်းလမ်းတစ်ခုခုဖြင့် အာဟာရဓာတ် ရရှိစေရန် ထောက်ပံ့ပေးနိုင်သောပစ္စည်းပါဝင်သည့် ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာတို့ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မိမိ၏ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန် ပြုလုပ်သည့် သဘာဝမြေသြဇာ မပါဝင်ပါ။

## ဓာတ်မြေသြဇာ

- ဓာတ်မြေသြဇာ ဆိုသည်မှာ သဘာဝအရပြုလုပ်ဖွဲ့စည်းမှုမဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်း ပြုပြင်စီမံထားသည့်မြေသြဇာကိုဆိုသည်။ ယင်းစကားရပ်တွင် တွင်းထွက် သို့မဟုတ် စက်ရုံမှထုတ်လုပ်သည့် အော်ဂဲနစ်နှင့် အင်အော်ဂဲနစ် ဓာတ်မြေသြဇာ တို့လည်းပါဝင်သည်။

## ဇီဝမြေဩဇာ


❖ ဇီဝမြေဩဇာ ဆိုသည်မှာ အပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများဖြစ်သည့် ဘက်တီးရီးယား၊ မှို စသည်တို့ဖြင့် ပွားများထုတ်လုပ်သည့် မြေဩဇာကို ဆိုသည်။

## သဘာဝမြေဩဇာ


❖ သဘာဝမြေဩဇာ ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက် ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြေ့စေပြီး ပြုပြင်စီမံ၍ ရရှိသောပစ္စည်း များကိုလည်းကောင်း ဆိုသည်။

# ထုပ်ပိုးပစ္စည်း နမူနာပုံစံ

အရှေ့ဘက်




အနောက်ဘက်




အမှတ်တံဆိပ်

မြေသြဇာအမည်

စံချိန်စံညွှန်း

မှတ်ပုံတင်
အမှတ်

အသားတင်
အလေးချိန်

ထားသိုသိမ်း
ဆည်းပုံအညွှန်း

ထုတ်လုပ်
ဖြန့်ချိသူအမည်

# မြေပြဿနာကော်မတီဖွဲ့စည်းခြင်း

# မြေသြဇာကော်မတီ

- မြေသြဇာဥပဒေ အခန်း(၃) အပိုဒ် (၄)(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၁၈.၂.၂၀၀၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၃)ဖြင့် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေသြဇာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါသည်။
- မြေသြဇာကော်မတီ၏ လုပ်ငန်းတာဝန်များသည် မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မြေသြဇာမှတ်ပုံတင်များ ခွင့်ပြုခြင်း ငြင်းပယ်ခြင်းလုပ်ငန်းများ နှင့် မြေသြဇာဥပဒေအရ လိုက်နာမှုမရှိဘဲ ဖောက်ဖျက် ကျူးလွန်မှုများရှိပါက စီမံခန့်ခွဲရေးနည်းလမ်းပြစ်ဒဏ်များဖြင့် အရေးယူခြင်းများ ဆောင်ရွက်ပါသည်။

# မြေသြဇာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေသြဇာဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြေသြဇာကော်မတီကို (၂၉.၈.၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၀၂/၂၀၂၃) ဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

# မြေသြဇာကော်မတီ

၁။ ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ ဒုတိယဝန်ကြီးနှင့် ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၃။ အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၄။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမဦးစီးဌာန

၅။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန

# မြေပြဇာကော်မတီ

၆။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၇။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန

၈။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန

၉။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန

၁၀။ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

# မြေသြဇာကော်မတီ

| | |
|---|---|
| ၁၁။ ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ၁၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃။ ညွှန်ကြားရေးမှူး(မြေအသုံးချရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄။ ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

# မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့

- မြေသြဇာဥပဒေ ပုဒ်မ ၆ အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်စွဲပါစာအမှတ်၊ ၁/၂၂၀(၈)(၁၉၄/၂၀၀၈)အရ မြေသြဇာကော်မတီ၏ အတွင်းရေးမှူး အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပြီး ကျွမ်းကျင်သူပညာရှင်များပါဝင်သော နည်းပညာအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး မြေသြဇာများကို အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း များကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေသြဇာကော်မတီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် မြေသြဇာဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ မြေသြဇာကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင် ပညာရှင်များပါဝင်သော မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

# မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့

| | |
|---|---|
| ၁။ ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ဒု-ဥက္ကဋ္ဌ |
| ၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ ဒုတိယညွှန်ကြားရေးမှူးချုပ်(စိုက်ပျိုးပညာပေးရေး၊တိုင်းဒေသကြီး/ပြည်နယ်)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ ညွှန်ကြားရေးမှူး(စိုက်ပျိုးပညာပေးရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

# မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့

| | |
|---|---|
| ၆။ ညွှန်ကြားရေးမှူး(မြေဆီလွှာ၊ရေအသုံးချရေးနှင့်စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ)<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ ပါမောက္ခ(မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန)<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| ၈။ ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ) | အဖွဲ့ဝင်၊ စိုက်ပျိုးရေးဦးစီးဌာန |
| ၉။ ညွှန်ကြားရေးမှူး(သီးနှံကာကွယ်ရေးဌာနခွဲ) | အဖွဲ့ဝင် စိုက်ပျိုးရေးဦးစီးဌာန |
| ၁၀။ ညွှန်ကြားရေးမှူး(မြေအသုံးချရေးဌာနခွဲ) | အတွင်းရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန |

# စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း

- **မြေသြဇာဥပဒေပုဒ်မ ၂၂** အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၏ (၇.၁၂.၂၀၁၀) ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၂၃/၂၀၁၀) ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်များတွင် မြေသြဇာလုပ်ငန်းများ စစ်ဆေးရန်အတွက် နယ်မြေအလိုက် စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

- တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်တွင် ၁၇ ဖွဲ့၊ ခရိုင်အဆင့်တွင် ၆၇ ဖွဲ့၊ မြို့နယ် အဆင့် ၂၉၁ ဖွဲ့၊ စုစုပေါင်း စစ်ဆေးရေးအဖွဲ့ ၃၇၅ ဖွဲ့ ဖွဲ့စည်းထားပါသည်။

# စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း

- စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ (၃၀.၁.၂၀၁၇)ရက်စွဲပါ ရုံးအမိန့်စာအမှတ် ၁၈၈/၂၀၁၇ ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မျိုးစေ့ဥပဒေ၊ မြေသြဇာဥပဒေနှင့် ပိုးသတ်ဆေး ဥပဒေများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်ရေးအတွက် ဒုတိယ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ခေါင်းဆောင်သော ကြီးကြပ်စစ်ဆေးရေးအဖွဲ့၊ ခရိုင်ဦးစီးမှူး ခေါင်းဆောင်သောမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ထပ်မံဖွဲ့စည်း ထားပါသည်။

## (က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့

| | |
|---|---|
| (၁) ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) တိုင်းဒေသကြီး/ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အရာထမ်း(၁)ဦး | အတွင်းရေးမှူး |

## (ခ) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့

| | |
|---|---|
| (၁) ခရိုင်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) ခရိုင်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) ခရိုင်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) ခရိုင်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အမှုထမ်း(၁)ဦး | အတွင်းရေးမှူး |

JJ

မြေငြှာမှတ်ပုံတင်လက်မှတ်၊
မြေငြှာသို့လျှောင်လိုင်စင်နှင့် ဖြန့်ဖြူးရောင်းချခွင့်
လိုင်စင်လျှောက်ထားခြင်း

# မြေသြဇာမှတ်ပုံတင် နှင့် လိုင်စင် လျှောက်ထားခြင်း

- မြေသြဇာမှတ်ပုံတင်လက်မှတ် (တင်သွင်း၊တင်ပို့၊ထုတ်လုပ်) → မြေသြဇာကော်မတီ
- လိုင်စင်
  - သိုလှောင်လိုင်စင် → ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန
  - ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် → တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး

# မြေသြဇာမှတ်ပုံတင်လျှောက်ထားခြင်း

- မြေသြဇာဥပဒေ ပုဒ်မ ၇ အရ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။

- မြေသြဇာဥပဒေ ပုဒ်မ ၈(က) အရ လျှောက်ထားမှုသည် သတ်မှတ်ချက်များနှင့် ညီ၊မညီကို မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့က စစ်ဆေးရမည်။

- မြေသြဇာဥပဒေ ပုဒ်မ ၈(ခ) အရ မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့က ထောက်ခံတင်ပြလာသော လျှောက်လွှာများကို မြေသြဇာကော်မတီက ထပ်မံစစ်ဆေး၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

# မြေညြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း

- မြေညြဇာဥပဒေ ပုဒ်မ ၁၃ အရ မြေညြဇာ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ကို ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံတွင် လျှောက်ထားရမည်။

- အဆောက်အဦတစ်ခုလျှင် သိုလှောင်လိုင်စင်တစ်ခု ပြုလုပ်ရပါမည်။

# ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း

- မြေသြဇာဥပဒေ ပုဒ်မ ၁၄(က) အရ မြေသြဇာကော်မတီက သတ်မှတ်သော အလေးချိန်၊ ပမာဏထက် ကျော်လွန်သည့် မြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး /ပြည်နယ်ဦးစီးမှူးထံ လျှောက်ထား ရမည်။
- ပုဒ်မ ၁၄(ခ) အရ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးက လျှောက်ထားချက်ကို စိစစ်ပြီးလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။
  - Solid Fertilizer တွင် (၅)တန် အထက်၊ Foliar Fertilizer တွင် Liquid အတွက် (၂၀၀) လီတာ နှင့်အထက်၊ Powderအတွက် (၄၀၀)ကီလိုဂရမ် နှင့်အထက်

# စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံချက်ပေးခြင်း

- မြေဩဇာဥပဒေ ပုဒ်မ ၄၄ အရ မြေဩဇာကို ပြည်တွင်းသို့တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာပါက ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊အဖွဲ့အစည်းသည် စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ကို ပူးတွဲတင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးနိုင်သည်။


# မြေသြဇာမှတ်ပုံတင်သက်တမ်းတိုးခြင်း

- မြေသြဇာဥပဒေ ပုဒ်မ ၁၀ အရ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။
- သက်ဆိုင်ရာကုမ္ပဏီမှ လုပ်ငန်းဆက်လက် လုပ်ကိုင်လိုခြင်းမရှိကြောင်း တင်ပြလာပါက မြေသြဇာ ကော်မတီမှ မှတ်ပုံတင်အား ပယ်ဖျက်ခွင့်ပြုသည်။

# မြေဩဇာမှတ်ပုံတင်၊ သိုလှောင်လိုင်စင်၊ တင်သွင်းခွင့်ထောက်ခံချက်များအား Online ဖြင့် လျှောက်ထားခြင်း

- စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ တင်သွင်း/ ထုတ်လုပ်ရန် အတွက် မှတ်ပုံတင်ခြင်း၊ သိုလှောင်လိုင်စင်လျှောက်ထားခြင်းနှင့် တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်းများကို Myanmar Agricultural Inputs Registration System (MAIRS) (website: www.mairs.doa.gov.mm )တွင် online ဖြင့်လျှောက်ထားနိုင်ပါသည်။
- မြေဩဇာဆိုင်ရာလုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက် အလက်များကို Land Use web portal (www.landusedivision.gov.mm) တွင် ဝင်ရောက်လေ့လာ နိုင်ပါသည်။ ဦးစွာမြေဩဇာမှတ်ပုံတင် လျှောက်ထားမည့်သူသည် www.mairs.doa.gov.mm တွင် Account Create ပြုလုပ်ရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်များကို ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

# မြေဩဇာမှတ်ပုံတင်၊ လိုင်စင်နှင့် တင်သွင်းခွင့်ထောက်ခံချက်များ လျှောက်ထားခြင်း



# Media အသုံးပြု၍ နည်းပညာဖြန့်ဝေခြင်း

**Landuse Web Portal** **www.landusedivision.gov.mm**



# မှတ်ပုံတင်၊ လိုင်စင် လက်မှတ်ရရှိသူများ လိုက်နာဆောင်ရွက်ရန်

# မှတ်ပုံတင်လက်မှတ်ရရှိသူများ လိုက်နာဆောင်ရွက်ရန်

ပုဒ်မ ၉ အရ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မြေသြဇာဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) အရည်အသွေး အာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

# လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရန်

ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူသည်-

(က) မြေသြဇာဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) စစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

# စီမံခန့်ခွဲရေးပြစ်ဒဏ်များ

# စီမံခန့်ခွဲရေးပြစ်ဒဏ်များ

**မြေသြဇာဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၁၅ ကို ဖောက်ဖျက်ပါက မြေသြဇာဥပဒေပုဒ်မ ၂၄ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရမည်။**

**ပုဒ်မ ၂၄**

(က) ခွင့်ပြုထားသော မြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး မြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ်(သို့မဟုတ်)လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် (သို့မဟုတ်) လိုင်စင်ကို ပယ်ဖျက်ခြင်း။

- မှတ်ပုံတင်လက်မှတ်ရရှိသူ၏ပျက်ကွက်မှုကို မြေသြဇာကော်မတီက ပြစ်ဒဏ်ချမှတ်ရန်။
- လိုင်စင်ရရှိသူ၏ပျက်ကွက်မှုကို စိုက်ပျိုးရေးဦးစီးဌာန (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးက ပြစ်ဒဏ်ချမှတ်ရန်။

# တားမြစ်ချက်များ

ပုဒ်မ ၃၁။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

ပုဒ်မ ၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

ပုဒ်မ ၃၃။ မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်း မရှိသော မြေသြဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

ပုဒ်မ ၃၄။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော မြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

ပုဒ်မ ၃၅။ မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

# ပြင်ဆင်ပြီး ပြစ်မှုနှင့် ပြစ်ဒဏ်များ

ပုဒ်မ ၃၆။ မည်သူမဆို ပုဒ်မ ၃၁ ၊ ၃၂ ၊ ၃၃ ၊ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

ပုဒ်မ ၃၇။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

# မြေသြဇာ အရည်အသွေးစစ်ဆေးခြင်း

# မြေသြဇာ အရည်အသွေးစစ်ဆေးခြင်း

- မြေသြဇာတင်သွင်း၊ ထုတ်လုပ်ရာတွင် မြေသြဇာတင်သွင်းခွင့်/ထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်များလျှောက်ထားရန်အတွက် ကနဦးအရည်အသွေးစစ်ဆေးရပါသည်။

- (၁၆)ကြိမ်မြောက် မြေသြဇာကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ (၁၄.၉.၂၀၁၄) ရက်နေ့မှစ၍ ပင်လယ်ရေကြောင်းမှ ဝင်ရောက်လာသည့် ပြည်ပမှတင်သွင်းသော မြေသြဇာများကို အကောက်ခွန်ဦးစီးဌာနမှ နမူနာရယူ၍ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးပြီး မှတ်ပုံတင်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိမှသာ တင်သွင်းခွင့် ပြုလျှက်ရှိပါသည်။

# ဈေးကွက်အတွင်းမြေသြဇာအရည်အသွေးစစ်ဆေးခြင်း

- စိုက်ပျိုးရေးဦးစီးဌာန သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွဲ့စည်းပေးထားသော မြေသြဇာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် ဈေးကွက်အတွင်းရှိ မြေသြဇာများ၏ အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီမှုရှိစေရန် နှင့် အတုအပကင်းစင်ရန်အတွက် မြေသြဇာဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များသို့ လစဉ်ပုံမှန် စစ်ဆေးခြင်း သို့မဟုတ် ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ပြီး မြေသြဇာနမူနာကို ရယူ၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ မြေအသုံးချရေးဌာနခွဲ၊ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

# မြေဩဇာကော်မတီမှထုတ်ပြန်ထားသော
# အမိန့်ကြော်ငြာချက်များ

# မြေသြဇာကော်မတီမှထုတ်ပြန်ထားသောအမိန့်ကြော်ငြာချက်များ(၂၉.၄.၂၀၂၀)

➢ **အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀**

**မြေသြဇာမှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များထုတ်ပြန်ကြေညာခြင်း**

- မြေသြဇာဥပဒေပုဒ်မ ၇ အရ စီးပွားရေးအလိုငှာ မြေသြဇာကိုထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်ပုံတင်သီးခြားလျှောက်ထားရမည်။
- ပြည်တွင်းတွင် မြေသြဇာအမျိုးမျိုးထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ အလေးချိန်ခွဲ၍ ပြန်လည် ထုပ်ပိုးခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများ လုပ်ဆောင်လိုပါက မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင် လျှောက်ထားရမည်။
- ကုန်ကြမ်းအဖြစ်တင်သွင်းသော မြေသြဇာများကို မြန်မာဘာသာအညွှန်းထည့်သွင်းရန် မလိုဘဲ သီးခြားမှတ်ပုံတင်အမှတ် (တသက) ကို အသုံးပြုရမည်။

# မြေသြဇာကော်မတီမှထုတ်ပြန်ထားသောအမိန့်ကြော်ငြာချက်များ(၂၉.၄.၂၀၂၀)

➢ **အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀**

**မြေသြဇာလိုင်စင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များထုတ်ပြန် ကြေညာခြင်း**

- မှတ်ပုံတင်ရရှိပြီး မြေသြဇာများကို တစ်နှစ်အတွင်း Solid Fertilizer တွင် (၂၅)တန်အထက်၊ Foliar Fertilizer တွင် Liquid အတွက် (၂၀၀၀)လီတာနှင့်အထက် ၊ Powder အတွက် (၂၀၀၀) ကီလိုဂရမ်နှင့် အထက်သိုလှောင်ပါက သိုလှောင်လိုင်စင် လျှောက်ထားရမည်။
- မြေသြဇာများကို တစ်နှစ်အတွင်း Solid Fertilizer တွင် (၅)တန်အထက်၊ Foliar Fertilizer တွင် Liquid အတွက် (၂၀၀)လီတာနှင့်အထက် ၊ Powder အတွက် (၄၀၀) ကီလိုဂရမ်နှင့် အထက်ရောင်းချပါက မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရမည်။
- ပိုင်ရှင်တစ်ဦးတည်းက ဆိုင်နာမည် တစ်မျိုးတည်းဖြင့် တည်နေရာခွဲ၍ ရောင်းချပါက တည်နေရာ အလိုက် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထပ်မံ ပြုလုပ်ရမည်။

# မြေဩဇာကော်မတီမှထုတ်ပြန်ထားသောအမိန့်ကြော်ငြာချက်များ(၂၉.၄.၂၀၂၀)

➢ **အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၀**

**မြေဩဇာစံချိန်စံညွှန်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း**

- ကွန်ပေါင်းမြေဩဇာများတွင် N , $P_2O_5$ , $K_2O$ အာဟာရဓာတ်(၃)မျိုးအနက် အနည်းဆုံး (၂)မျိုး ပါဝင်ရမည်ဖြစ်ပြီး စုစုပေါင်း ၁၅% နှင့် အထက်ရှိရမည်။
- သဘာဝမြေဩဇာများတွင် အော်ဂဲနစ်ပါဝင်မှု( Organic Matter) ၂၀% နှင့် အထက် ရှိရမည်ဖြစ်ပြီး Carbon Nitrogen တို့ပါရှိသည့် Carbon Nitrogen Ratio (C:N) သည် ၂၀ ထက်မကျော်ရပါ။
- ရွက်ဖျန်းမြေဩဇာများတွင် N , $P_2O_5$ , $K_2O$ တို့၏ စုစုပေါင်း ပါဝင်မှု အနည်းဆုံး (၉%)ရှိရမည်။ Secondary Element နှင့် Trace Element များပါဝင်သော ရွက်ဖျန်းမြေဩဇာများ ဖြစ်ပါက ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်းအတိုင်းခွင့်ပြုမည်။
- ဇီဝမြေဩဇာများတွင် ချဉ်ငံကိန်းတန်ဘိုး(pH)၅-၇.၅ ရှိရမည်။ Micro-organiam ပါဝင်မှု ကို Colony Forming Unit ဖြင့်ဖော်ပြရာ၌ အနည်းဆုံးပါဝင်မှုမှာ အမှုန့်ဖြစ်ပါက $5\times10^7$ cells/g ၊အရည်ဖြစ်ပါက $1\times10^8$ cells/ml ရှိရမည်။

# မြေသြဇာကော်မတီမှထုတ်ပြန်ထားသောအမိန့်ကြော်ငြာချက်များ(၂၉.၄.၂၀၂၀)

➢ **အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၀**

**မြေသြဇာမှတ်ပုံတင်လျှောက်ထားရာတွင် ထုပ်ပိုးပစ္စည်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း**

- မြေသြဇာလုပ်ကိုင်သူများသည် ကုန်စည်အမှတ်တံဆိပ်နှင့် အမျိုးအမည်၊ အသားတင်အလေးချိန်၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ ရွက်ဖျန်းမြေသြဇာနှင့် ဇီဝမြေသြဇာများတွင် သုံးစွဲရန်အညွှန်းနှင့် သတိပြုရန်အချက်များကို ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျှက်ဖြစ်စေ ဖော်ပြရမည်။
- တင်သွင်းမှတ်ပုံတင်အမှတ် (တသ)နှင့် တင်သွင်း/ဖြန့်ဖြူးရောင်းချသူအမည်၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းရာ၌ တင်သွင်းမှတ်ပုံတင်အမှတ် (တသက)၊ ထုတ်လုပ်မှတ်ပုံတင်အမှတ် (ထလ) နှင့် ထုတ်လုပ်သူ/ ဖြန့်ချိသူအမည် ဖော်ပြရမည်။
- ပါဝင်သည့်အပင်အာဟာရဓာတ်ရာခိုင်နှုန်း/ အရည်အသွေးအာမခံချက် ဖော်ပြရမည်။
- ဇီဝမြေသြဇာများတွင် ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲဖော်ပြရမည်။

# မြေသြဇာကော်မတီမှထုတ်ပြန်ထားသောအမိန့်ကြော်ငြာချက်များ(၂၉.၄.၂၀၂၀)

- **အမိန့်ကြော်ငြာစာအမှတ် ၅ /၂၀၂၀**

  **တားမြစ်ပိတ်ပင်ထားသောမြေသြဇာများထုတ်ပြန်ကြေညာခြင်း**

  - Ammonium Nitrate မြေသြဇာ နှင့်
  - Ammonium Nitrate ကိုအခြေပြုထားသော ကွန်ပေါင်းမြေသြဇာများတွင် နိုက်ထရိုဂျင်ပါဝင်မှု ၂၈% နှင့်အထက်ရှိသောမြေသြဇာများအား ပြည်တွင်းသို့ တင်သွင်းခွင့်၊ ထုတ်လုပ်ခွင့် ၊ ဖြန့်ဖြူးရောင်းချခွင့်ကို တားမြစ်ပိတ်ပင်ထားပါသည်။

# ထိမ်းချုပ်ဓာတုပစ္စည်းစာရင်းတွင်ပါဝင်သောမြေဩဇာများ

- **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ** ၂၆.၅.၂၀၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၁ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးတွင် စိုက်ပျိုးရေးတွင် အသုံးပြုသည့် Ammonium Chloride နှင့် Ammonium Nitrate ဓာတ်မြေဩဇာများ ပါဝင်ပါသည်။
- **Ammonium Nitrate** - မြေဩဇာကော်မတီမှ ၂၉.၄.၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀)ဖြင့် မြေဩဇာအဖြစ် တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းကို တားမြစ်ပိတ်ပင်ထားပါသည်။
- **Ammonium Chloride** - ပြည်ပမှ တင်သွင်းခြင်း၊ ဖြန်ဖြူးရောင်းချခြင်း၊သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူရမည်။
- **Potassium Nitrate& Calcium Nitrate** - ၃၆ ကြိမ်မြောက်မြေဩဇာကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် အရ တင်သွင်းခွင့်အား ယာယီဆိုင်းငံ့ထားပါသည်။

# မြေဩဇာမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြေလျှော့သည့်အချက်များ

# မြေဩဇာမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြေလျှော့သည့်အချက်များ

(၁) မြေဩဇာဆိုင်ရာ နည်းပညာကော်မတီနှင့် မြေဩဇာကော်မတီ အစည်းအဝေးများကို ယခင်က တစ်နှစ်လျှင် (၁-၂) ကြိမ်ထိသာ ကျင်းပနိုင်သော်လည်း ၂၀၁၇ ခုနှစ်မတ်လမှစတင်၍ သုံးလတစ်ကြိမ် ပုံမှန်ကျင်းပလျှက်ရှိပါသည်။

(၂) မှတ်ပုံတင်လက်မှတ်ရရှိပြီး မြေဩဇာတင်သွင်းရန်အတွက် စီးပွားကူးသန်းဝန်ကြီးဌာနသို့ သွင်းကုန် လိုင်စင် ထောက်ခံချက်ကို ယခင်က (၃) လ ထုတ်ပေးရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ တစ်ဆက်တည်း (၆) လ သက်တမ်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။

(၃) ရေကြောင်းမှဝင်ရောက်လာသော Straight Fertilizer ( Urea, T Super, MOP, SOP ) များအား မှတ်ပုံတင် လျှောက်ထားရာ၌ ကနဦးဓာတ်ခွဲစစ်ဆေးခြင်းကို (၈.၆.၂၀၁၈) ရက်နေ့မှစ၍ ဖြေလျှော့ပေးပါသည်။

# မြေသြဇာမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြေလျှော့သည့်အချက်များ

(၄) (၂၁) ကြိမ်မြောက် မြေသြဇာကော်မတီ၏ ဆုံးဖြတ်ချက်အရ တင်သွင်းနှင့် ထုတ်လုပ် မှတ်ပုံတင်ရန် လျှောက်ထားလာသည့် ကွန်ပေါင်းမြေသြဇာများအားလုံးကို Field Trial Test ပြုလုပ်ပြီးမှ မှတ်ပုံတင်ခွင့်ပြုရန်ကိစ္စအား သီးနှံအထူးပြုသည့် ကွန်ပေါင်းမြေသြဇာများအတွက်သာ ဆောင်ရွက်ရန်ကိစ္စကိုလည်း (၈.၆.၂၀၁၈)ရက်နေ့မှစ၍ ဖြေလျှော့ပေးသည်။

(၅) ယခင်က မြေသြဇာမှတ်ပုံတင်လျှောက်ထားရာတွင် Specification တူညီသော်လည်း Net Weight ကွဲလွဲပါက မှတ်ပုံတင်တစ်ခုစီ လျှောက်ထားရပြီး (၈.၆.၂၀၁၈) ရက်နေ့မှစ၍ Specification တစ်မျိုးတည်းဖြစ်ပါက မှတ်ပုံတင် လက်မှတ်တစ်ခုလျှင် Net Weight (၅)မျိုးအထိ လျှောက်ထားနိုင်ရန်ကိုလည်း ဖြေလျှော့ပေးသည်။

# မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်အတွက် ကုန်ကျစရိတ်

| | |
|---|---|
| **ဓာတ်ခွဲခ** | မြေဩဇာတွင်ပါသော အာဟာရဓာတ်ပါဝင်မှု အရေအတွက်အလိုက် စစ်ဆေးရသည်။ (ဥပမာ၊ ၁၅-၁၅-၁၅ ကွန်ပေါင်းမြေဩဇာတွင် Moisture, Nitrogen, Phosphorous နှင့် Potassium (၄)မျိုး စစ်ဆေးသဖြင့် စုစုပေါင်း ကုန်ကျစရိတ်မှာ ၃၆၀၀၀ ကျပ် ဖြစ်သည်။) |
| **မှတ်ပုံတင်ခ** | ၆၀၀၀၀ ကျပ် (၃နှစ်သက်တမ်းအတွက်) |
| **သက်တမ်းတိုးခ** | ၆၀၀၀၀ ကျပ် (၃နှစ်သက်တမ်းအတွက်) |
| **ဒဏ်ကြေး** | သက်တမ်းတိုးစေ့ရောက်ပြီးမှသက်တမ်းတိုးလျှောက်ထားပါက<br>ရက်ပေါင်း(၃၀)အတွင်း - ၁၀၀၀၀/-<br>ရက်ပေါင်း(၆၀)အတွင်း - ၂၀၀၀၀/-<br>ရက်ပေါင်း(၉၀)အတွင်း - ၃၀၀၀၀/-<br>ရက်ပေါင်း(၉၀)ကျော်က မြေဩဇာကော်မတီမှ ဖျက်သိမ်းမည်။ |

# မြေသြဇာတင်သွင်းခွင့် မှတ်ပုံတင်အတွက်ကုန်ကျစရိတ်

| | |
|---|---|
| **ဓာတ်ခွဲခ** | မြေသြဇာတွင်ပါသော အာဟာရဓာတ်ပါဝင်မှု အရေအတွက် အလိုက် စစ်ဆေးရသည်။ (ဥပမာ၊ ယူရီးယား မြေသြဇာတွင် Nitrogen, Biuret နှင့် Moisture (၃)မျိုး စစ်ဆေးသဖြင့် စုစုပေါင်းကုန်ကျ စရိတ်မှာ ၂၆၀၀၀ ကျပ် ဖြစ်သည်။) |
| **မှတ်ပုံတင်ခ** | ၉၀၀၀၀ ကျပ် (၃နှစ်သက်တမ်းအတွက်) |
| **သက်တမ်းတိုးခ** | ၉၀၀၀၀ ကျပ် (၃နှစ်သက်တမ်းအတွက်) |
| **ဒဏ်ကြေး** | သက်တမ်းတိုးစေ့ရောက်ပြီးမှ သက်တမ်းတိုးလျှောက်ထားပါက<br>ရက်ပေါင်း(၃၀)အတွင်း - ၁၀၀၀၀/-<br>ရက်ပေါင်း(၆၀)အတွင်း - ၂၀၀၀၀/-<br>ရက်ပေါင်း(၉၀)အတွင်း - ၃၀၀၀၀/-<br>ရက်ပေါင်း(၉၀)ကျော်က မြေသြဇာကော်မတီမှ ဖျက်သိမ်းမည်။ |

# မြေသြဇာသိုလှောင်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်း လိုင်စင်ခနှုန်းထားများ

| စဉ် | အကြောင်းအရာ | သိုလှောင်ရုံ/ ဆိုင်ခန်း အရေအတွက် | လိုင်စင်ခ နှုန်းထား (ကျပ်) | လိုင်စင် ခွင့်ပြုသည့် (နှစ်) |
|---|---|---|---|---|
| ၁ | မြေသြဇာသိုလှောင်ခြင်း | ၁ လုံး | - | ၂ နှစ် |
| | ▪ လုပ်ငန်းကြီး ၁၆ဝဝစတုရန်းပေအထက် | ၁ လုံး | ၃ဝဝဝဝဝ | |
| | ▪ လုပ်ငန်းငယ် ၁၆ဝဝစတုရန်းပေအောက် | ၁ လုံး | ၁ဝဝဝဝဝ | |
| ၂ | မြေသြဇာဖြန့်ဖြူးရောင်းချခြင်း | ၁ ဆိုင် | - | ၂ နှစ် |
| | ▪ မူလပြုလုပ် | ၁ ဆိုင် | ၅ဝဝဝဝ | |
| | ▪ သက်တမ်းမတိုး၍ အသစ်ထပ်မံပြုလုပ် | ၁ ဆိုင် | ၈ဝဝဝဝ | |

# ကျေးဇူးတင်ပါသည်။